KHRG

# သတင်းလွှာ

(၂၀၂၂ ခုနှစ်၊ မေလ) (၁၈) ကြိမ်မြောက်ထုတ်ဝေသော KHRG သတင်းလွှာ



## ကရင်လူ့အခွင့်အရေးအဖွဲ့၏ မျှော်မှန်းချက်

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် အနာဂတ်တွင် မြန်မာပြည်မှတိုင်းရင်းသားနှင့် ပြည်သူလူထုများအားလုံး တရားမျှတမှုနှင့် တန်းတူအခွင့်အရေးများအပြည့်အဝရရှိစေရန် မျှော်မှန်းချက်အခိုင်အမာထားရှိထားပါသည်။

## လုပ်ဆောင်ချက်

ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)သည် လွတ်လပ်သော လူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေး အခြေအနေတိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကို ပြန်လည်တောင်းဆိုခြင်း၊ တုန့်ပြန်ကာကွယ်ခြင်းစသည့်နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ရွာသားများ၏အသံ၊ အမြင်သဘောထားနှင့် အဓိကတောင်းဆိုမှုများကို ဆုံးဖြတ်ချက်ချနိုင်သောသြဇာအာဏာရှိသူများအားလွှမ်းမိုးနိုင်ရန် ရွာသားများ၏လုပ်ဆောင် နိုင်စွမ်းနှင့် ၎င်းတို့၏လူ့အခွင့်အရေးများတောင်းဆိုရာတွင် အခွင့်အလမ်းပိုမိုရရှိလာစေရန်ရည်ရွယ်ပါသည်။ ထို့နည်းအတူ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကိုလည်း ရွာသားများ၏ မိမိကိုယ်ကိုကာကွယ်သည့်နည်းလမ်းများအား ဝိုင်းဝန်းပံ့ပိုးပေးရန် တိုက်တွန်းလိုဆော်ပါသည်။

## နောက်ခံသမိုင်း အကျဉ်းချုပ်

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင့်လူ့အခွင့်အရေး အဖွဲ့သည် လွတ်လပ်သောမလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန် လာစေရန် ရွာသားများ၏အသံများကိုမှတ်တမ်းတင်ခြင်းနှင့် လူ့အ ခွင့် အရေးချိုးဖောက်ခံရမှုများအပေါ်သူတို့၏အခွင့်အရေးများကိုပြန် လည်တောင်းဆိုခြင်း၊ တုံ့ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ထို့အပြင် ရရှိသည့် သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကိုကာကွယ်လျှက်ရှိသည့်ရွာသားများ၏ နည်းဗျူဟာများအားပိုမိုကောင်းမွန်လာစေရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများလုပ်ခြင်းဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေပိုမိုတိုးတက်ကောင်း မွန်လာစေရန် ကြိုးပမ်းလျှက်ရှိနေပါသည်။

## အကျဉ်းချုပ်

ဝမ်းမြောက်ခြင်းများစွာဖြင့် ၁၈ ကြိမ်မြောက်သတင်းလွှာကို KHRG မှတစ်ဖန် ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသတင်းလွှာကို တစ်နှစ်တွင်နှစ် ကြိမ်ထုတ်ဝေပါသည်။ ဤနှစ်အတွင်း ဒုတိယမြောက်ထုတ်ဝေမည့်သတင်းလွှာကို ဒီဇင်ဘာလ ၂၀၂၁ ခုနှစ်မှ မတ်လ ၂၀၂၂ ထိ KHRG မှလက်ခံရရှိခဲ့သည့်သတင်းအချက်အလက်များနှင့် ၎င်းမတိုင်မီအချိန်မှ သတင်းဖြစ်ရပ်များလည်း ထည့်သွင်းရေးသားထားပါသည်။

ဤ KHRG သတင်းလွှာတွင်ပါရှိသောအချက်အလက်များကို ကရင်ပြည်နယ်၏ခရိုင်(၇)အတွင်း၌ရယူ၍ ရေးသားတင်ဆက်ထားပါသည်။ ဤသတင်းလွှာထဲမှ လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာတစ်ခုချင်းစီသည် ခရိုင်အားလုံးတွင်ဖြစ်ပွားခဲ့ပြီး အချို့နေရာတွင် ချိုးဖောက်မှုပုံစံတူညီမှုရှိကြပြီး အချို့တွင်ကွဲပြားမှုများရှိနေသည်ကို စာဖတ်သူများအနေဖြင့်သိရှိနိုင်မည်ဖြစ်သည်။

ဤဖော်ပြပါသတင်းစာစောင်ထဲတွင် မြေမြှုပ်မိုင်းအန္တရာယ်၊ စစ်ကောင်စီနှင့် နယ်ခြားစောင့်တပ်များမှ ဒေသခံရွာသားများ၏ပိုင်ဆိုင်မှုများအား လုယက်ခိုးယူမှုများ၊ ရွာသားတစ်ဦးမှ ကရင်လူ့အခင့်အရေးထံသို့ပေးပို့သောစာ၊ အမေရိကန်သမ္မတနှင့် ပြင်သစ်သမ္မတဆီသို့ပေးပို့သော ကရင်တိုင်းရင်းသားများ၏ အိတ်ဖွင့်ပေးစာနှင့် စစ်ကောင်စီမှ ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်နယ်မြေများအား လေကြောင်းတိုက်ခိုက်မှုများကို စသည်တို့ကို စုစည်းတင်ပြထားသည်။

ဤသတင်းလွှာအား မြန်မာပြည်အရှေ့တောင်ပိုင်းဒေသ အတွင်းဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စာဖတ်သူများမှသိရှိနားလည်ပြီး ရွာသားများရင်ဆိုင်ကြုံတွေ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ၎င်းတို့၏ခံစားချက်များကို စာဖတ်သူများအနေဖြင့်ရှုမြင် ခံစားနိုင်မည်ဟု KHRG မှ ယုံကြည်ပါသည်။

# မြေမြှုပ်မိုင်းအန္တရာယ်နှင့် ထိခိုက်ဒဏ်ရာရရှိမှုများ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် စစ်တပ်အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စစ်ရေးပဋိပက္ခများ ပိုမိုပြင်းထန်လာသည့်အတွက် SAC နှင့် KNLA တို့သည် မြေမြှုပ်မိုင်းများအား ပို၍အသုံးပြုလာခဲ့သည်။ မြေမြှုပ်မိုင်းများ ပို၍အသုံးပြုလာခြင်းကြောင့် မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ်များ ပို၍များပြားလာပြီး ဒေသခံရွာသားများလည်း ခရီးသွားလာရာတွင် လုံခြုံမှုများမရှိတော့ဘဲ ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေသည်။ ယခုဤသတင်းလွှာတွင် မြေမြှုပ်မိုင်းကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရမှုဖြစ်စဉ်နှစ်ခုကို ဖော်ပြသွားမည်ဖြစ်သည်။

မြေမြှုပ်မိုင်းအန္တရာယ်သည် ပြည်တွင်းစစ်ဘေးရှောင်များအတွက် ၎င်းတို့ရပ်ရွာသို့ ပြန်လည်အခြေချရန် အဓိကအတားအဆီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည်။ သို့သော်လည်း တစ်ချို့သောစစ်ဘေးရှောင်ရွာသားများသည် ရွေးချယ်စရာမရှိဘဲ စားဝတ်နေရေးအခက်အခဲများကြောင့် ၎င်းတို့ဘဝကိုရင်း၍ ရွာသို့ပြန်လာခဲ့သည်။ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်မှ မြေမြှုပ်မိုင်းနင်းမိခဲ့သော စစ်ဘေးရှောင်တစ်ဦး၏အမျိုးသမီးမှ KHRG အား ဤသို့ပြောပြခဲ့သည်။ *"ကျွန်မတို့ရွာကနေပြေးပြီး တခြားနေရာတွေမှာ သွားနေရတဲ့အချိန်မှာဆိုရင် ကျွန်မတို့အတွက်တော့ အခက်အခဲရှိတယ်။ သူများရွာမှာနေရတယ်ဆိုတော့ ကျွန်မတို့မှာပိုက်ဆံမရှိဘူး (ဝင်ငွေမရှိဘူး)။ လိုအပ်တဲ့အရာအားလုံးကို ကျွန်မတို့ဘဲဝယ်နေရတယ်။ အဲဒါကြောင့် သူများရွာမှာ မနေချင်တော့ဘူး။ ကျွန်မတို့ရွာကိုပဲ ပြန်လာနေရတယ်။"* ဟု သူမ၏အခြေအနေအား တင်ပြခဲ့သည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ကူးဆိတ်ကျေးရွာတွင်နေထိုင်သော အသက်(၄၇)အရွယ်ရွာသားတစ်ဦးဖြစ်သူ စောက---သည် ၎င်းကျေးရွာအနီးရှိ ယွန်းစလင်းမြစ်တွင်ထောင်ထားသည့် ပိုက်ကွန်တွင်မိသည့်ငါးများကို သွားယူသည့်အချိန်တွင် မြစ်ကမ်းပါးတွင် မြေမြှုပ်မိုင်း

တစ်လုံးနင်းမိခဲ့သည်။ ၎င်းသည် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ခြေထောက်နှစ်ဖက်စလုံး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်း၏ ညာခြေထောက်ကို ဖြတ်ခဲ့ရသည်။ ဒေသတွင်းရှိ လက်နက်ကိုင်တပ်ဖွဲ့များက ရွာသားများကို တားမြစ်ထားသည့် နေရာများကိုမသွားရန် အသိပေးအကြောင်းကြားခဲ့ခြင်းရှိသည်။ သို့သော်လည်း ရွာသားများကို မြေမြှုပ်မိုင်းများ မည်သည့်နေရာများတွင် ထောင်ထားသည်ကို နေရာအတိအကျ ပြောပြခဲ့ခြင်းမရှိခဲ့ပေ။ ထိုရွာသားသည် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် ပရဟိတအဖွဲ့အစည်းဖြစ်သော(DCA)တို့မှ ငွေကြေးထောက်ပံ့မှုရရှိခဲ့သည်။ ၎င်းရွာသားတွင် အမျိုးသမီးနှင့်သားသမီးသုံးဦးရှိသည်။ ၎င်း၏အမျိုးသမီးက သူမအမျိုးသားခံစားနေရခြင်းကို မြင်တွေ့နေရသည်မှာ လွန်စွာစိတ်ထိခိုက်လျှက်ရှိပြီး သူမ၏မိသားစုအနာဂတ်အတွက် စိုးရိမ်ပူပန်လျှက်ရှိသည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ နေပူကန်(ပွယ်ပါ)ကျေးရွာတွင်နေထိုင်သော အသက်(၁၃)နှစ် အရွယ်ယောကျ်ားလေးတစ်ဦးဖြစ်သူ စောခ---သည် ၎င်းရွာအနီးရှိ တောထဲတွင် သူငယ်ချင်းများနှင့်အတူ ထင်းသွားရှာနေစဉ် မြေမြှုပ်မိုင်းတစ်လုံး နင်းမိခဲ့သည်။ ရွာသားများက ထိုကလေးကို ဆေးကုသမှုရရှိရန် ဖာပွန်မြို့ရှိ SAC စစ်တပ်(ဗျူဟာ)ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ၎င်း၏မိခင်နှင့်အချို့ရွာသားများလည်း ၎င်းနှင့်အတူဆေးရုံသို့ လိုက်ပါသွားခဲ့သည်။ ၎င်းကလေး၏ ညာဖက်ခြေထောက်အား ဖြတ်တောက်ခဲ့ရကာ ဆေးဝါးကုသမှုကုန်ကျစာရိတ်နှင့် စားစရာများကို ဆေးရုံမှထောက်ပံ့ခဲ့သည်။ ဆေးဖိုးဝါးခနှင့် စားစရာကုန်ကျမှုမှလွဲ၍ ထိုကလေးသည် အခြားသော မည်သည့်ထောက်ပံ့မှုမှ မရရှိခဲ့ပေ။



၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ မ---ကျေးရွာတွင်နေထိုင်သော အသက် ၅၅ နှစ်အရွယ် ရွာသားတစ်ဦးဖြစ်သူ စောဟ---သည် ၎င်းရွာ၏အနီးအနားရှိ တောထဲတွင် ကြောင်လျှာသီးခူးရန် သွားနေသည့်အချိန် နေ့လယ် ၂း၅၅ မိနစ်ခန့်တွင် မြေမြှုပ်မိုင်းတစ်လုံးကို တက်နင်းမိခဲ့ပါသည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ၎င်း၏ခြေထောက်နှစ်ဖက်လုံးတွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပါသည်။ ထို့နောက် ၎င်းမှအော်ဟစ်အကူအညီတောင်းခဲ့သောကြောင့် ဝေမုံကျေးရွာရှိရွာသားများ ရောက်ရှိလာပြီး ၎င်းအား ဖာပွန်မြို့ရှိ SAC စစ်ဗျူဟာ(ကုတင် ၁၀၀) ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဆေးရုံသို့ရောက်ရှိသွားပြီး ဆေးကုသမှုမခံယူမှီအချိန်တွင်ပင် ၎င်းသည် ရရှိသည့်ဒဏ်ရာဖြင့် ကွယ်လွန်သွားပါသည်။ ထိုရွာသားသည် ကြောင်လျှာသီးရောင်း၍ရလာသည့်ဝင်ငွေအား မိသားစုအတွက် ဆန်ဝယ်ယူရန်အသုံးပြုမည်ဖြစ်ပါသည်။ ရွာသားများအများစုသည် ကျေးရွာ၏အနီးအနားတွင် အသက်မွေးဝမ်းကျောင်းအတွက် စားစရာများလိုက်လံရှာဖွေစားသောက်ရသောကြောင့် ၎င်းတို့အတွက် မြေမြှုပ်မိုင်းအန္တရာယ်သည် လွန်စွာသက်ရောက်မှု ဖြစ်စေပါသည်။

အခင်းဖြစ်ပွားမှုမတိုင်မှီ KNLA မှ ဝေမုံကျေးရွာရှိ ရွာသားများအား မြေမြှုပ်မိုင်းအများအပြား တည်ရှိမှုနှင့်ပတ်သက်၍ ကြိုတင်သတိပေးပြီးသားဖြစ်ပါသည်။ SAC စစ်သားများလည်း မြေမြှုပ်မိုင်းအများအပြား တည်ရှိမှုကြောင့် ရွာသားများအား ကျေးရွာအပြင်ဖက်မထွက်ရန် သတိပေးထားပါသည်။ သို့သော်လည်း မြေမြှုပ်မိုင်းများ မည်သည့်နေရာ၌ ထောင်ထားသောနေရာများကို ဖော်ပြထားသည့် တိကျသည့်အမှတ်အသားသို့မဟုတ် သင်္ကေတများမရှိပါ။ ဝေမုံကျေးရွာရှိ ရွာသားများသည် ထိုပေါက်ကွဲသွားသည့် မြေမြှုပ်မိုင်းတစ်လုံးအား KNLA မှ ထောင်ထားခြင်းနိုင်ဖြစ်ကြောင်း ထင်မြင်ယူဆကြသည်။

မြေမြှုပ်မိုင်းထိမှန်၍ ကွယ်လွန်သွားသူ အမျိုးသားတွင် ဇနီးသည်နှင့် အသက် ၁၅ နှစ်အရွယ်ရှိ သမီးတစ်ဦး ကျန်ရစ်ခဲ့ပါသည်။ ခရီးသွားလာရန်နှင့် အလုပ်အကိုင်ရှာဖွေရန် ခက်ခဲသဖြင့် ထိုမိသားစုသည် အသက်မွေးဝမ်းကျောင်းအတွက် ဝင်ငွေရှာရန် အခက်အခဲကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ လက်ရှိအချိန်တွင် မြေမြှုပ်မိုင်းထိမှန်၍ ကွယ်လွန်သွားသူ၏ ကျန်ရစ်ခဲ့သောမိသားစုဝင်များကို မည်သည့်အဖွဲ့အစည်းကမျှ ကူညီထောက်ပံ့ပေးခြင်းမရှိသေးပါ။

ပုံတွင် မြေမြှုပ်မိုင်းနင်းမိခဲ့သော နေပူကန်ကျေးရွာမှ စောခ---၏ပုံဖြစ်သည်။ ၎င်းကို ဖာပွန်မြို့ရှိ SAC စစ်တပ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဒဏ်ရာအလွန်ပြင်းထန်သောကြောင့် သူ၏ညာဖက်ခြေထောက်အား ဖြတ်ခဲ့ရသည်။

# စစ်ကောင်စီနှင့် နယ်ခြားစောင့်တပ်များမှ ရွာသား၏ ပိုင်ဆိုင်မှုများအား လုယက်ခိုးယူခြင်း



၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဒူးသထူ၊ ဒူးပလာယာနှင့် ဘိတ်-ထားဝယ်ခရိုင်များတွင် SAC နှင့် BGF တပ်ဖွဲ့များမှ ကျူးလွန်ခဲ့သော လုယက်ခိုးယူမှုများနှင့်ပတ်သက်သော သတင်းအကြောင်းအရာများကို KHRG မှ လက်ခံရရှိခဲ့သည်။ KHRG ၏ သတင်းမှတ်တမ်းများအရ SAC နှင့် BGF စစ်သားများသည် တိုက်ပွဲကြောင့် ရွာသားများထွက်ပြေးနေရချိန်အတွင်း ရွာသားများ၏အိမ်များတွင် ဝင်ရောက်ဖောက်ထွင်း၍ မီးဖိုချောင်ပစ္စည်းများ၊ အဝတ်အစားများ၊ ကား၊ ဆိုင်ကယ်၊ လျှပ်စစ်ပစ္စည်းများ၊ စားစရာများ အပါအဝင် အိမ်မွေးတိရိစ္ဆာန်များကိုလည်း သိမ်းယူခိုးခဲ့သည်။ လုယက်ခိုးယူမှုဖြစ်စဉ်အများစုကို ကြည့်မည်ဆိုလျှင် SAC နှင့် BGF စစ်သားများသည် တစ်ရွာမှတစ်ရွာ ခရီးသွားလာနေစဉ်အတွင်း ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ SAC တပ်ဖွဲ့များသည် ဒေသခံများအား ခြိမ်းခြောက်သည့်နည်းလမ်းအဖြစ်အသုံးပြု၍သော်လည်းကောင်း၊ ၎င်းတို့ စားနပ်ရိက္ခာများနှင့် လိုအပ်သည့်ပစ္စည်းများရရှိရန်အတွက်သော်လည်းကောင်း ရွာသားများ၏ နေအိမ်များကို ဝင်ရောက်ဖောက်ထွင်း၍ ခိုးယူလုယက်နေခြင်းဖြစ်သည်။

## ဒူးသထူခရိုင်

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှ ၂၀ ရက်အတွင်း SAC စစ်သား (၂၄)ဦးခန့်သည် ရှေ့တန်းသို့ ရိက္ခာပို့ရန်နှင့် တပ်ဖွဲ့များလဲလှယ်လှုပ်ရှားရန်အတွက် BGF စစ်သားများ (၂၂)ဦးခန့်နှင့်အတူ (တပ်ရင်းများမသိရှိရ) ဘီးလင်းမြို့နယ်၊ လေးကေတပ်စခန်းမှ ယိုကလားတပ်စခန်းသို့ ခရီးသွားလာခဲ့သည်။ ၎င်းတို့ခရီးသွားနေစဉ်အတွင်း SAC စစ်သားများသည် ဘီးလင်းမြို့နယ်၊ ကြိုးဗိုင်းကျေးရွာအုပ်စု၊ ကြိုးဗိုင်းကျေးရွာမှ ရွာသားများ၏ ဘဲများကို ၎င်းတို့စားနပ်ရိက္ခာအဖြစ် သိမ်းယူခဲ့သည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့၌ SAC နှင့် BGF တပ်ဖွဲ့များသည် ဘီးလင်းမြို့နယ်၊ ထီးဖါဒို့ထကျေးရွာအုပ်စု၊ ထီးဖါဒို့ထကျေးရွာတွင်ရောက်ရှိလာပြီး ရွာ၏ဘုန်းကြီးကျောင်းတွင် နေထိုင်ခဲ့သည်။ စက်တင်ဘာလ ၁၉ ရက်နေ့တွင် KNLA စစ်သားများသည် ရွာထဲရှိဈေးဆိုင်တစ်ဆိုင်တွင် ပစ္စည်းများသွားဝယ်နေသော SAC စစ်သားများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ပစ်ခတ်တိုက်ခိုက်မှုသည် ဈေးဆိုင်အရှေ့တွင်သာ ဖြစ်ပွားခဲ့သည်။ KNLA ပစ်ခတ်မှုများကို ပြန်လည်တုန့်ပြန်သည့်အနေဖြင့် SAC နှင့် BGF စစ်သားများသည် ဈေးဆိုင်တစ်ဝိုက်တွင်ပြန်လည်၍ ရမ်းသန်းပစ်ခတ်ခဲ့သည်။ ထို့နောက် SAC နှင့် BGF စစ်သားများသည် ထိုဈေးဆိုင်တွင်ရှိသောစားစရာများ၊ ပစ္စည်းများနှင့်ငွေအပါအဝင် ဆိုင်ပိုင်ရှင်၏ ဖုန်းတစ်လုံးကိုလည်း သိမ်းယူခဲ့သည်။ ထို့အပြင် ၎င်းတို့သည်ရွာသားများ ပိုင်ဆိုင်သောကြက်နှစ်ကောင်ကိုလည်း သိမ်းယူခဲ့သည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ မွန်းလွဲ (၁)နာရီခွဲခန့်တွင် BGF တပ်ခွဲ(၃)မှ စစ်သားများသည် ဘားအံမြို့နယ်၊ ပွာဝေါ်ကျေးရွာအုပ်စု၊ ပွာဝေါ်ကျေးရွာတွင်ဝင်ရောက်လာခဲ့သည်။ ပွာဝေါ်ကျေးရွာတွင်ဝင်ရောက်လာပြီး ရွာ၏ဆေးပေးခန်းတစ်လုံးကို ဖောက်ထွင်း၍ ကျန်းမာရေးကိရိယာများ၊ ပစ္စည်းများနှင့် ဆေးဝါးများကို လုယူခိုးခဲ့သည်။ ထို့အပြင် ၎င်းတို့သည် ဆေးခန်းတွင်းရှိ ပစ္စည်းများကိုရိုက်ချိုးဖျက်ဆီးခဲ့သည်။ ဤ BGF တပ်ခွဲ(၃)သည် ဗိုလ်ချစ်သူနှင့်ဗိုလ်မော့သန်တို့၏ ထိန်းချုပ်မှုအောက်တွင်ရှိသော တပ်ရင်း(၉၉၉)ကိုဦးဆောင်သော ဗိုလ်ကြီးကျော်လိုက်သိမ့်၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။

## ဒူးပလာယာခရိုင်

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကော့ကရိတ်မြို့နယ်၊ ကော်နွဲ့ကျေးရွာအုပ်စု၊ ကော်နွဲ့ကျေးရွာအနီးတွင် KNLA နှင့် SAC တပ်ဖွဲ့တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားခြင်းကြောင့် နော်စ---၏ မိသားစုများအပါအဝင် ကော်နွဲ့ကျေးရွာသားများသည် အခြားနီးစပ်ရွာများသို့ ထွက်ပြေးလာခဲ့ပြီး ၎င်းတို့အိမ်များ၊ ဆိုင်ခန်းများနှင့် ပိုင်ဆိုင်မှုများကိုထားခဲ့ရသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် SAC စစ်သားများသည် (တပ်ရင်းမသိရှိရ) ကော်နွဲ့ကျေးရွာသို့ ဝင်ရောက်လာပြီး နော်စ---၏ ဆိုင်တွင်ရှိသော မာမာ့ခေါက်ဆွဲထုပ်များနှင့် ငါးသေတ္တာဗူးများအပါအဝင် အခြားသောစားစရာများနှင့် ပစ္စည်းများကိုခိုးယူခဲ့သည်။ သူမ၏ဆိုင်ပစ္စည်းများအားလုံး၏ တန်ဖိုးမှာ ကျပ်ငွေငါးသိန်းရှိသည်။ နော်စ---၏ ပြောပြချက်အရ SAC စစ်သားများသည် သူမ၏ဆိုင်တစ်ဆိုင်သာမကဘဲ အခြားရွာသားတစ်ဦး၏ဆိုင်ကိုလည်း ဖောက်ထွင်း၍ ပစ္စည်းများခိုးယူခဲ့သေးသည်။

ကော်နွဲ့ကျေးရွာတွင် အလားတူဖြစ်ရပ်မျိုးဖြစ်ပွားခဲ့ပြန်သည်။ SAC စစ်သားများသည် ကော်နွဲ့ကျေးရွာသားတစ်ဦးဖြစ်သူ နော်ဆ---၏အိမ်ကိုလည်း ဖောက်ထွင်းခဲ့သည်။ ထိုအချိန်တွင် နော်ဆ---နှင့် သူမ၏မိသားစုများသည် တိုက်ပွဲကြောင့် အခြားနေရာသို့ထွက်ပြေးနေရပါသည်။ SAC စစ်သားများသည် သူမ၏အိမ်တွင်ရှိသော အဝတ်အစားများ၊ ဖွန်းများ၊ ငါးခြောက်များ၊ ဆီ၊ ဆား၊ ထမင်းအိုးနှင့် ဆန်တစ်အိတ်ခိုးယူခဲ့သည်။ နော်ဆ---၏ အမဖြစ်သူ နော်ယ---မှ သူမ၏အိမ်လည်းဖောက်ထွင်းခံရကြောင်း တင်ပြခဲ့သည်။ SAC စစ်သားများသည် နော်ယ---၏အိမ်တွင်ရှိသော ဆန်နှစ်ပုံး၊ အဝတ်အစားများ၊ စောင်များနှင့် ခေါင်းအုံးများခိုးယူခဲ့သည့်အပြင် ဆန်နှစ်အိတ်ကိုလည်း အိမ်တွင်ချက်၍စားသောက်ခဲ့သည်။ နော်ယ---၏ပြောပြချက်အရ SAC စစ်သားများသည် သူမ၏ယောက္ခမအိမ်တွင်လည်း ဖောက်ထွင်းခဲ့ပြီး ဆန်၊ ထမင်းအိုး၊ စောင်နှင့် ခေါင်းအုံးများကိုလည်း ခိုးယူခဲ့သည်။



၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နှင့် ၂၀ ရက်နေ့တွင် ကော့ကရိတ်မြို့တွင်အခြေစိုက်သော SAC ခမရ(၂၂) သည် ကော့ကရိတ်မြို့နယ်၊ အောင်ဖကြီးကျေးရွာအုပ်စု၊ အောင်ဖလေးကျေးရွာရှိ လူနေအိမ်များ(၄၀) သို့မဟုတ်(၅၀) ခန့်ကို ဝင်ရောက်ဖောက်ထွင်းခဲ့သည်။ ၎င်းတို့ဝင်ရောက်ဖောက်ထွင်းနေစဉ်အတွင်း ရွာသားများသည် တိုက်ပွဲကြောင့် ဘေးကင်းသည့်အရပ်ဒေသသို့ သွားရောက်ပြောင်းရွှေ့နေရသည်။ ၎င်းတို့သည် ရွာသားများပိုင်ဆိုင်သော အဝတ်အစားများ၊ မီးဖိုချောင်းပစ္စည်းများ၊ ပိုက်ဆံနှင့် ဘုရားဆင်းတုတော်ကို သိမ်းယူခဲ့ပြီး ကြက်၊ ဝက်များကိုလည်း ချက်ပြုတ်စားသောက်ခဲ့သည်။ ထို့အပြင် အချို့ရွာသားများ၏အိမ်ကိုလည်း ဖျက်ဆီးခဲ့သည်။




ဤပုံသည် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ အောင်ဖကြီးကျေးရွာအုပ်စု၊ အောင်ဖလေးကျေးရွာတွင် ခမရ (၂၂) မှ ဝင်ရောက်ဖောက်ထွင်းခဲ့သော ရွာသားတစ်ဦး၏ အိမ်ဖြစ်သည်။

## ဘိတ်-ထားဝယ်ခရိုင်

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် SAC စစ်သားများသည် (တပ်ရင်းမသိရှိရ) ဘိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ ပလောဒေသ၊ မိကျောင်းသက်ကျေးရွာတွင် နေထိုင်သောရွာသားတစ်ဦး၏အိမ်ကို မီးရှို့ဖျက်ဆီးခဲ့ပြီး အိမ်တွင်းရှိပစ္စည်းများကိုလည်း သိမ်းယူခဲ့သည်။ SAC စစ်သားများသည် ထိုရွာသားပိုင်ဆိုင်သော ဆိုင်ကယ်(၇)စီး၊ ကားလေးစီးအပါအဝင် အခြားသောပစ္စည်းများအားလုံးကို သိမ်းယူခဲ့ပြီးနောက် အိမ်နှင့်ဆိုင်ကယ်နှစ်စီးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ထိုလုပ်ရပ်ကြောင့် ၎င်းရွာသားသည် အခြားနေရာသို့ ပြောင်းရွှေ့ထွက်ပြေးခဲ့ရသည်။

ပုံတွင် SAC စစ်သားများမှ ဘိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ ပလောဒေသ၊ မိကျောင်းသိုက်ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦး၏နေအိမ်ကို မီးရှို့ဖျက်ဆီးခဲ့သည့်ပုံဖြစ်သည်။
*(ဓာတ်ပုံများ - ရွာသားတစ်ဦး)*

# ကရင်လူ့အခွင့်အရေးအဖွဲ့ထံသို့ ဒေသခံရွာသားပေးပို့သော ရင်ဖွင့်စာ




စစ်အာဏာသိမ်းမှု၏ ဆိုးကျိုးသက်ရောက်မှုဒဏ်အား တစ်နှစ်ကျော်ကြာ ရုန်းကန်ရှင်သန်ပြီးနောက်ပိုင်း ကရင်လူ့အခွင့်အရေးအဖွဲ့ထံသို့ ဒေသခံပြည်သူများ၏ ခံစားမှုအား ကိုယ်စားပြုသည့် ရင်ဖွင့်စာတစ်စောင်အား ရွာသားတစ်ဦးထံမှ ဖေဖော်ဝါရီလ ၇ ရက်နေ့ ၂၀၂၂ ခုနှစ်တွင် လက်ခံရရှိခဲ့ပါသည်။ လူ့အခွင့်အရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လုံးစုံသော အရေးအဖြာဖြာတို့သည် စစ်အာဏာသိမ်းပြီးကတည်းက ချွတ်ခြုံယိုယွင်းပျက်စီးလာခဲ့သည့်အပေါ် ပြည်သူလူထုများသည် ဤဆိုးကျိုးသက်ရောက်မှုဒဏ်ကို ခါးစည်းခံစားရပါသည်။ ထွက်ပြေးတိမ်းရှောင်နေရသည့် လူထုများ၏လိုအပ်ချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာတာဝန်ရှိသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ ကြားသိနားလည်ရန် အထူးလိုအပ်ပါသည်။ ဤစာထဲတွင် အတိတ်မှရင်ဆိုင်ခဲ့ရသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ရင်ဆိုင်ရသောအတွေ့အကြုံများနှင့် တာဝန်ရှိသူများအနေဖြင့် လုပ်ဆောင်ဖြေရှင်းပေးသင့်သည့်အရာများကို ထည့်သွင်းရေးသားထားပါသည်။ ထို့ကြောင့် ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် ပဋိပက္ခဒဏ်နှင့် ပစ်မှတ်ထားတိုက်ခိုက်မှုများကို ခံစားနေရသော ဒေသခံပြည်သူများ၏အသံကို နားထောင်ပြီး တာဝန်ရှိသည့်လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ရမည့်အရာများကို လျှင်မြန်စွာနှင့် ထိရောက်မှုရှိစွာလုပ်ဆောင်ရန် လိုအပ်ကြောင်း တိုက်တွန်းနိုးဆော်အပ်ပါသည်။

## ထွက်ပြေးတိမ်းရှောင်နေရသူတစ်ဦး ပေးပို့သောစာကို အောက်တွင်ဖတ်နိုင်ပါသည်။

ကျွန်မမွေးလာချိန်ကတည်းက ယခုအချိန်ထိ ဗမာစစ်တပ်၏ခြိမ်းခြောက်မှုများစွာနှင့် ရင်ဆိုင်ရပါသည်။ ဗမာစစ်သားများသည် ကျွန်မတို့ဌာနေတိုင်းရင်းသားများအပေါ် သေနတ်ပစ်ပြီးခြိမ်းခြောက်ခြင်း၊ အတင်းအဓမ္မနေရာပြောင်းခိုင်းခြင်း၊ ဌာနေတိုင်းရင်းသားများကို ညှင်းပန်းနှိပ်စက်ပြီး သတ်ဖြတ်ခြင်း၊ ရွာနှင့်စပါးကျီများကို မီးရှို့ဖျက်ဆီးခြင်း၊ မြေမြှုပ်မိုင်းများကိုလည်း ဌာနေတိုင်းရင်းသားများ၏ နေထိုင်ရာအရပ်နှင့် စိုက်ပျိုးရေးလုပ်ကိုင်သည့်နယ်မြေအတွင်း မြုပ်ထားခြင်း စသည်များကြောင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ပြင်းထန်စွာချိုးဖောက်နေပါသည်။ ကျွန်မတို့ဌာနေတိုင်းရင်းသားများ၏ လူနေမှုဘဝကိုပြန်တည်ဆောက်ပြီး ငြိမ်းချမ်းစွာနေထိုင်နိုင်ရန် အခွင့်အရေးနှင့် လုံခြုံမှုများလည်းမရှိတော့ပါ။

ယခုအချိန်တွင် ခဲဒဲအုပ်စုနှင့်ခဲကာခိုအုပ်စုတွင် နေထိုင်သော ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏အိမ်ထဲရွာထဲတွင် မနေရဲတော့ပဲ၊ စစ်ဘေးကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည်။ NCA လက်မှတ်ရေးထိုးပြီးနောက် ကျွန်မတို့၏ဘိုးဖွားများနေထိုင်လာခဲ့သော ဌာနေတိုင်းရင်းသားရပ်ရွာများတွင် ပြန်လည်အခြေချနေထိုင်နိုင်ခဲ့ပါသည်။ သို့သော်လည်း ဗမာစစ်တပ်ခေါင်းဆောင်များသည် ကျွန်မတို့ဌာနေတိုင်းရင်းသားများ၏နယ်မြေကို တပ်မက်သောကြောင့် ၎င်းတို့လက်မှတ်ရေးထိုးထားသော NCA ကတိကဝတ်များကို အလေးမထားပဲ စစ်သားများတိုးချဲ့ပို့ဆောင်ခြင်း၊ စားနရိက္ခာများကိုလည်း ကားများ၊ မြင်းများဖြင့်ပို့ဆောင်ခြင်း၊ ကားလမ်းပေါ်တွင် စစ်သားအများအပြားချထားသည့်အပြင်၊ သေနတ်ရမ်းသမ်းပစ်ဖောက်ခြင်းများလည်း ပြုလုပ်ခဲ့ကြပါသည်။ ၎င်းတို့ပစ်ခတ်သော လက်နက်ကြီးများသည် ကျွန်မတို့၏ရွာအနီးတွင် ကျရောက်ပေါက်ကွဲမှုများလည်း ရှိခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မနက် ၆ နာရီ ၄၆ မိနစ်အချိန်တွင် ဗမာစစ်သားများမှ ရွာအတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သောကြောင့် ကျွန်မတို့ တကော်ဒဲရွာသားများ ရွာအတွင်းမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ကျွန်မတို့ရွာသားများသည် ယခုချိန်ထိ ထွက်ပြေးတိမ်းရှောင်နေရပါသည်။

ဌာနေတိုင်းရင်းသားများအတွက် အသက်ရှင်နေထိုင်ရန်အတွက် လုံခြုံမှုမရှိတော့ပါ။ ဗမာစစ်သားမှ ကျွန်မတို့အား

လာရောက်ပစ်ခတ်မည်ကို ကြောက်ရပါသည်။ ဗမာစစ်သားများသည် သေနတ်ရမ်းသမ်းပစ်ခတ်ခြင်း၊ လက်နက်ကြီးများသည် ဌာနေတိုင်းရင်းသားများနေထိုင်ရာ အနီးအနားတွင်ကျပေါက်ကွဲခြင်း၊ လေယဉ်များသည် နေ့ရောညပါလာရောက်ပျံဝဲခြင်းများကြောင့် ကျွန်မတို့ကိုပစ်မှတ်ထားတိုက်ခိုက်မည်ကို စိုးရိမ်ရပါသည်။ လေကြောင့်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သောကြောင့် ကျွန်မတို့စိုးရိမ်ရခြင်းဖြစ်ပါသည်။ ကျွန်မတို့သည် လုပ်ကိုင်စားသောက်ရန်နှင့် သွားလာရန်အတွက် အကြောက်တရားဖြင့် ရှင်သန်နေရသောကြောင့် ကျွန်မတို့၏လူနေမှုဘဝကို ပြန်တည်ဆောက်ရန် မဖြစ်နိုင်သေးပါ။

စစ်အစိုးရထံမှ လစာဆက်လက်ရယူနေသော မည်သူမဆို စစ်ကောင်စီထံမှ လစာရယူခြင်းကိုရပ်တန့်ရန် တိုက်တွန်းလိုပါသည်။ သင်တို့မှ လစာဆက်လက်လက်ခံနေခြင်းသည် ကျွန်မတို့ကို ဆက်လက်ဖိနှိပ်ရန်နှင့် သတ်ဖြတ်ရန်အတွက် စစ်အစိုးရကို ကူညီပေးနေခြင်းဖြစ်ပါသည်။

ကျွန်မတို့နေထိုင်ရာ ကော်လားအတွင်း စီးပွားရေးရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံများသည်လည်း ရင်းနှီးမြှုပ်နှံမှုများကို ရပ်တန့်ပစ်ရန် လိုအပ်ပါသည်။ သင်တို့ရင်းနှီးမြှုပ်နှံမှုမှရရှိသော ငွေကြေးများသည် ကျွန်မတို့ကိုဖိနှိပ်ရန်အတွက် လက်နက်ပစ္စည်းများဝယ်ယူရာတွင် ထောက်ပံ့ပေးနေခြင်းဖြစ်ပါသည်။

ဗမာစစ်တပ်ကို လက်နက်စပ္စည်းများနှင့် စစ်လေယာဉ်များရောင်းပေးနေသောနိုင်ငံများလည်း ဆက်လက်ရောင်းချခြင်းမပြုရန် လိုအပ်ပါသည်။ စစ်အစိုးရအား စစ်လက်နက်များဆက်လက်ရောင်းချပေးနေပါက ကျွန်မတို့ကိုဖိနှိပ်ချုပ်ချယ်ရန်အတွက် မကောင်းဆိုးရွားကိုထောက်ပံ့ပေးရာ ရောက်ပါသည်။

ကျွန်မတို့ဌာနေတိုင်းရင်းသားများ ဆက်လက်အသက်ရှင်နေနိုင်ရေးအတွက် လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများမှာ အခြေခံအစားအစာ၊ ပညာရေး၊ ကျန်းမာရေး၊ အမိုးအကာနှင့် အသက်လုံခြုံရေးများဖြစ်ပါသည်။ ဗမာ့စစ်တပ်၏ ခြိမ်းခြောက်အကြမ်းဖက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော ကျွန်မတို့ကိုသနားကြင်နာမှုဖြင့် ကူညီပေးနေသောအဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်အပ်ပါသည်။ သင်တို့၏အကူအညီကြောင့်သာ ကျွန်မတို့စစ်ဘေးရှောင်များ အသက်ရှင်ရပ်တည်နိုင်ခြင်းဖြစ်သည်။ ဌာနေတိုင်းရင်းသားနယ်မြေများအား ဗမာစစ်တပ်မှ ထိုးစစ်ဆင်မှုများကို အမြန်ဆုံးရပ်တန့်နိုင်ရန်အတွက်လည်း သင်တို့မှဝိုင်းဝန်းပြီးဖိအားပေးရန်အတွက် တောင်းဆိုလိုပါသည်။ သင်တို့မှ ကျွန်မတို့အတွက် အစားအစာကူညီထောက်ပံ့ခြင်းဖြင့် လုံလောက်မှုနှင့်ငြိမ်းချမ်းမှုမယူဆောင်လာနိုင်ပါ။ ပဋိပက္ခမပြီးဆုံးသေးသ၍ ကျွန်မတို့ကိုဆက်လက်ထောက်ပံ့ပေးရန် လိုအပ်နေမည်ဖြစ်သည်။ ကျွန်မတို့သည်လည်း ပြန်လည်ထူထောင်ရန်ဖြစ်နိုင်သေးမည်မဟုတ်ပါ။ ကျွန်မတို့ကိုကူညီထောက်ပံ့နိုင်ရန် နည်းလမ်းများကိုရှာဖွေနိုင်သကဲ့သို့ ကျွန်မတို့ဌာနေတိုင်းရင်းသားများ ရင်ဆိုင်နေရသောအကြပ်အတည်းများကိုလည်း ဖြေရှင်းပေးရန်နည်းလမ်းများကို ရှာဖွေစေလိုပါသည်။ ဌာနေတိုင်းရင်းသားတွေအတွက် ငြိမ်းချမ်းမှုရှိမည်ဆိုပါက ကျွန်မတို့၏ အသက်ရှင်နေနိုင်ရေးအတွက် သင်တို့ဆက်လက်ကူညီထောက်ပံ့ပေးရန်လည်း လိုတော့မည်မဟုတ်ပါ။

# အမေရိကန်သမ္မတနှင့် ပြင်သစ်သမ္မတဆီသို့ ပေးပို့သော ကရင်တိုင်းရင်းသားများ၏ အိတ်ဖွင့်ပေးစာ

အာဏာသိမ်းမှုဖြစ်ပွားပြီးနောက်ပိုင်း စစ်ကောင်စီ၏ပြင်းထန်သောထိုးစစ်ဆင်မှုတစ်ခုမှာ လေကြောင်းတိုက်ခိုက်မှုပင်ဖြစ်ပါသည်။ စစ်ကောင်စီအနေဖြင့် ယခုချိန်အထိ လေကြောင်းတိုက်ခိုက်မှုဖြင့် ထိုးစစ်ဆင်နိုင်ခြင်းမှာနိုင်ငံတကာမှစီးပွားရေးပိတ်ဆို့မှု အားနည်းခြင်းကြောင့်ဖြစ်သည်။ စစ်ကောင်စီအနေဖြင့် နိုင်ငံတကာစီးပွားရေးစီးဆင်းမှု ဆက်လက်ရရှိခြင်းသည် ၎င်းတို့စစ်အင်အားဖြည့်ဆည်းရန်အတွက် အဓိကပင်မအရင်းအမြစ်ဖြစ်သည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် နိုင်ငံတစ်ဝှမ်းမှပြည်သူအများအပြား ထိခိုက်သေဆုံးကြရပြီး ထောင်ပေါင်းများစွာထွက်ပြေးတိမ်းရှောင်ကြရပါသည်။ ထို့အပြင် ပြည်သူပိုင်ဖြစ်သည့် ဘာသာရေးအဆောက်အဦးများ၊ စာသင်ကျောင်းနှင့်ဆေးပေးခန်းများ၊ ဒေသခံရွာသားများ၏ အိုးအိမ်စည်းစိမ်များသာမက အိမ်မွေးတိရိစ္ဆာန်များပါ ထိခိုက်ဆုံးရှုံးကြရသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်နေပြည်သူများအနေဖြင့် နေ့စဉ်နှင့်အမျှ စိုးရိမ်ကြောက်ကြမှုများစွာ၊ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ မလုံခြုံမှုများစွာနှင့် ရှင်သန်နေထိုင်ရပါသည်။ ကာလကြာရှည်စွာ ထွက်ပြေးတိမ်းရှောင်နေရသည့် စစ်ပြေးရှောင်ပြည်သူ

များအနေဖြင့်လည်း များစွာသောဒုက္ခဆင်းရဲမှုအမျိုးမျိုးနှင့် ရုန်းကန်နေထိုင်ကြရသည်။ အထူးသဖြင့် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကို နိုင်ငံတစ်ဝှမ်းရှိပြည်သူများကြောက်ရွံ့ကြရသည်။ အာဏာသိမ်းပြီးကတည်းက စစ်ကောင်စီ၏ တိုက်ခိုက်မှုနှင့် ခြိမ်းခြောက်မှုများကြောင့် လူ ၃၀၀,၀၀၀ ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရပါသည်။ ထိုလူအများစုမှာ အခြားတိုင်းရင်းသားပြည်နယ်များမှ ထွက်ပြေးသူများဖြစ်ကြပြီး ကရင်ပြည်နယ်တွင်မှာလည်း ၈၅,၀၀၀ ခန့်ပါဝင်သည်။

ဤကဲ့သို့ စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကို ဟန့်တားနိုင်ရန်နှင့် ရပ်တန့်ရန နိုင်ငံတကာစီးပွားရေးပိတ်ဆို့မှုသည် အလွန်ရေးကြီးသော လုပ်ဆောင်ချက်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကရင်လူ့အခွင့်အရေးအဖွဲ့အပါအဝင် ကမ္ဘာတစ်ဝှမ်းရှိ ကရင်တိုင်းရင်းသားအစုအဖွဲ့များမှ အမေရိကန်သမ္မတနှင့် ပြင်သစ်သမ္မတအား စစ်ကောင်စီကိုစီးပွားရေး ပိတ်ဆို့မှုမှတစ်ဆင့် ဖိအားပေးရန်တောင်းဆိုသည့် အိတ်ဖွင့်ပေးစာတစ်စောင်ကို ဇန်နဝါရီလ ၁၃ ရက်နေ့၊ ၂၀၂၂ ခုနှစ်တွင် ပေးပို့ခဲ့ပါသည်။

အိတ်ဖွင့်ပေးစာတွင် စစ်အာဏာသိမ်းပြီး နောက်တစ်နှစ်ကျော်ကြာသည့်တိုင်အောင် အမေရိကန်နှင့်ပြင်သစ်သမ္မတများအနေဖြင့် စစ်ကောင်စီတပ်ထံသို့ သဘာဝဓါတ်ငွေ့ပို့ဆောင်ပေးသည့် အမေရိကန်နှင့်ပြင်သစ်နိုင်ငံတို့မှ ကုမ္ပဏီများအပေါ် မည့်သည့်ပိတ်ဆို့အရေးယူမှုမျှ လုပ်ဆောင်ခဲ့ခြင်းမရှိသည့်အတွက် အလွန်စိတ်ပျက်ဖွယ်ရာဖြစ်ကြောင်း ဖော်ပြထားပါသည်။ ၎င်းတို့နိုင်ငံမှ ကုမ္ပဏီများ၏စီးပွားရေး ဆက်လက်လည်ပတ်နေမှုကြောင့် စစ်ကောင်စီအနေဖြင့် ဒေါ်လာသန်းရာဖြင့်ချီသောဝင်ငွေများရရှိခဲ့ပါသည်။ ထိုငွေကြေးများဖြင့် စစ်ကောင်စီသည် စစ်လက်နက်ခဲယမ်းနှင့် လေယာဉ်ဆီများကိုဝယ်ယူပြီး နိုင်ငံအနှံ့ ထိုးစစ်ဆင်မှုပြုလုပ်ကာ ပြည်သူများကိုနှိပ်စက်သတ်ဖြတ်နေပါသည်။ ထို့ကြောင့် အဆိုပါငွေကြေးများသည် စစ်ကောင်စီအနေဖြင့် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို ကျူးလွန်နိုင်ရန်အတွက် ထောက်ပံ့ပေးနေကြောင်းလည်း ဖော်ပြထားပါသည်။ ထို့အပြင် အမေရိကန်နှင့် ဥရောပသမဂ္ဂ(EU) တို့မှ အခုအချိန်အထိ ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို ကြိုဆိုကြောင်းနှင့် စစ်ဘက်ဝင်ငွေကို စနစ်တကျဖြတ်တောက်ရန် ပုံမှန်ပိတ်ဆို့အရေးယူမှုအသစ်များကို ဆက်လက်လုပ်ဆောင်ရန်အရေးကြီးကြောင်း အိတ်ဖွင့်ပေးစာတွင် ထောက်ပြထားပါသည်။

သို့သော် စစ်ကောင်စီအတွက် အကြီးမားဆုံးဝင်ငွေရရှိစေသည့် အရင်းအမြစ်တစ်ခုအား အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် အလွန်စိတ်ပျက်ဖွယ်ရာကောင်းပါသည်။ အမေရိကန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံမှကုမ္ပဏီများသည် အာဏာသိမ်းစစ်ကောင်စီကို ငွေကြေးထောက်ပံ့နေသရွေ့ စစ်တပ်မှ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများတွင် အဆိုပါနိုင်ငံများသည်လည်း ပါဝင်ပတ်သက်နေပါသည်။ အကြောင်းမှာ စစ်ကောင်စီမှ စစ်လက်နက်ပစ္စည်းများဝယ်ယူရာတွင် လိုအပ်သောရန်ပုံငွေများကို ပံ့ပိုးပေးခြင်းဖြင့် အဆိုပါနိုင်ငံများမှ အခန်းကဏ္ဍတစ်ခုတွင် ကူညီပေးနေသောကြောင့်ဖြစ်သည်။

အမေရိကန်နှင့် ပြင်သစ်နိုင်ငံများအနေဖြင့် လက်နက်ရောင်းဝယ်ရေးပိတ်ဆို့မှု မူဝါဒများကိုချမှတ်ထားသော်လည်း တစ်ချိန်တည်းတွင် မြန်မာစစ်တပ်အားရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အခြားနိုင်ငံများမှ လက်နက်များဝယ်ယူနိုင်သည့် ငွေကြေးများထောက်ပံ့ပေးခြင်းသည် လုံးဝအဓိပ္ပါယ်မရှိသည့် အရာဖြစ်ကြောင်း ကရင်တိုင်းရင်းသားအဖွဲ့အစည်းများက အိတ်ဖွင့်ပေးစာတွင် ဖော်ပြထားပါသည်။

ဓာတ်ငွေ့ဝင်ငွေကို ရပ်တန့်နိုင်မည့်နည်းလမ်းများအတွက် အရပ်ဘက်အဖွဲ့အစည်းများမှ ကျယ်ပြန့်သောအဆိုပြုချက်များစွာကို တင်ပြခဲ့ကြပြီးဖြစ်သည်။ စိန်ခေါ်မှုများ မည်သို့ပင်ရှိစေကာမူ စစ်ဘက်သို့ဓာတ်ငွေ့များရောက်ရှိနေခြင်းကို ရပ်တန့်ရန်၊ ပိတ်ဆို့အရေးယူမှုများချမှတ်ရန် အမေရိကန်နှင့် ပြင်သစ်နိုင်ငံအနေဖြင့် နည်းလမ်းရှာရမည်ဖြစ်သည်။

ကျန်နိုင်တို့မှ လေကြောင်းတိုက်ခိုက်မှုများ၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ရှုံ့ချနေသော်လည်း အမေရိကန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံမှ ကုမ္ပဏီများသည် စစ်ကောင်စီထံသို့စီးပွားရေးပူးတွဲလုပ်ဆောင်မှုမှတစ်ဆင့် ရန်ပုံငွေများဆက်လက်ပံ့ပိုးပေးနေလျှင် အကျိုးသက်ရောက်မှုရှိမည်မဟုတ်ပါ။ အမေရိကန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံအနေဖြင့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပါအဝင် နိုင်ငံတကာဥပဒေချိုးဖောက်မှုများအတွက် မြန်မာ့စစ်တပ်ကို အရေးယူဆောင်ရွက်ရန်အတွက် ပျက်ကွက်ခဲ့သည်။ ဤကဲ့သို့ အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခြင်းများကြောင့် အမေရိကန်နိုင်ငံသည် စစ်ကောင်စီအား လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန်၊ အပြစ်ဒဏ်မှကင်းလွှတ်ခွင့်ရရန် လမ်းကြောင်းများဖန်တီးပေးသကဲ့သို့ဖြစ်နေပါသည်။ ထို့ကြောင့် အိတ်ဖွင့်ပေးစာအဆုံးတွင် ကရင်တိုင်းရင်းသားအသင်းအဖွဲ့များအနေဖြင့် အမေရိကန်သမ္မတနှင့် ပြင်သစ်သမ္မတအား အောက်ပါအတိုင်း ထပ်လောင်းတောင်းဆိုလိုက်ပါသည်။

ပြည်သူလူထုကို ဖိနှိပ်ပြီးလူ့အခွင့်အရေးချိုးဖောက်မှုကျူးလွန်သည့်အာဏာသိမ်းစစ်ကောင်စီအား ငွေကြေးထောက်ပံ့ပေးခြင်းမှ ရပ်တန့်ပေးပါ။ ယခုချက်ချင်း စီးပွားရေးစီးဆင်းမှုမှတစ်ဆင့် လောင်စာဆီဝယ်ယူနိုင်သည့် ဝင်ငွေရရှိမှုအားပိတ်ဆို့ပေးပါ။

# ဒူးပလာယာခရိုင်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ

စစ်ကောင်စီတပ်များနှင့် နယ်ခြားစောင့်တပ်(BGF) တို့သည် ဒူးပလာခရိုင်အတွင်းရှိ လေးကေ့ကော်ဒေသတွင် အကြမ်းမဖက်လူထုလှုပ်ရှားမှု(CDM)၌ ပါဝင်သူများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)များအား ဝင်ရောက်ရှာဖွေဖမ်းဆီးပြီးနောက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုအပါအဝင် လက်နက်ကိုင်ပဋိပက္ခများနှင့် ပစ်ခတ်တိုက်ခိုက်မှုများသည် ချက်ချင်းဆိုသလိုပင် ဖြစ်ပေါ်လာခဲ့ပါသည်။ လေးကေ့ကော်မြို့သစ်အား ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးသင်္ကေတအထိမ်းအမှတ်အဖြစ် တည်ထောင်ကာ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ(IDPs)များကို ကြိုဆိုလက်ခံရန် တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်မှုအစား ထိုနေရာဒေသတွင် ဖြစ်ပွားသော တိုက်ပွဲများကြောင့် ပြန်လည်နေရာချထားသော ဒုက္ခသည်များနှင့် IDPs များသည် မိမိတို့အသက်ရှင်လွတ်မြောက်ရန်အတွက် တဖန်ပြန်လည်ထွက်ပြေးတိမ်းရှောင်နေကြရပြန်သည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစတင်ကာ စစ်ကောင်စီ၏ လေကြောင်းဖြင့် ကရင်အမျိုးသားအစည်းအရုံး(KNU) အုပ်ချုပ်နယ်မြေအတွင်းသို့ ထိုးစစ်ဆင်မှုသည် ဒူးပလာခရိုင်အတွင်း ပိုမိုပြင်းထန်လာခဲ့သဖြင့် ထိုနေရာဒေသတွင်နေထိုင်သော ရွာသားများအတွက် စိုးရိမ်ကြောင့်ကြမှုကို ပိုမိုဖြစ်ပေါ်စေခဲ့ပါသည်။ ထိုကဲ့သို့ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများအပြင် သနားညှာတာမှုကင်းမဲ့သော SAC ၏လေကြောင်းတိုက်ခိုက်မှုများကြောင့် သောင်းနှင့်ချီသောရွာသားများသည် ရက်သတ္တပတ်ကျော်အတွင်း နေရပ်ရွှေ့ပြောင်း နေထိုင်နေခဲ့ကြရပါသည်။ ထွက်ပြေးတိမ်းရှောင်နေကြရသော သောင်းနှင့်ချီသောရွာသားများအနေဖြင့် ထိုင်းနိုင်ငံအတွင်း ယာယီလုံခြုံမှုရှာယူခြင်းသည် ၎င်းတို့အတွက် အကန့်အသတ်သာဖြစ်ပါသည်။ ထို့ကြောင့် နေရပ်ရွှေ့ပြောင်းနေထိုင်နေရသည့် ရွာသားများသည် ထိုင်းအာဏာပိုင်များ၏ ပြန်လည်တွန်းပို့ခြင်းကြောင့် သောင်ရင်းမြစ်ကမ်းဘေးတစ်လျှောက် ယာယီတဲများထိုးကာ နေထိုင်နေကြရပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ည (၁၀း၃၀) မိနစ်ခန့်တွင် ဒူးပယာခရိုင်အတွင်းရှိ လေးကေ့ကော်ဒေသတွင် တည်ရှိသော လေးကပေါ် ရေတံခွန်ဖက်သို့ စစ်ကောင်စီမှ တိုက်လေယာဉ်များဖြင့် လာရောက်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ပါသည်။ လေကြောင်းပစ်ခတ်မှုအပြင် မေတ္တာလင်းမြိုင်တွင် အခြေစိုက်သော စစ်ကောင်စီတပ်သားများမှ လက်နက်ကြီးအလုံး(၅၀)ခန့် ရန်းသမ်းပစ်ခတ်မှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။ အလားတူ ကော့ကရိတ်မြို့တွင်အခြေစိုက်သည့် စစ်ကောင်စီခြေလျင်တပ်ရင်းအမှတ်(၉၇)မှ ကျေးရွာအတွင်းသို့ လက်နက်ကြီးအလုံး(၄၀) ခန့် ရန်းသမ်းပစ်ခတ်ခြင်းကြောင့် ကော့နွဲ့ကျေးရွာတွင်းရှိ ရွာသားတစ်ဦး၏အိမ် ထိမှန်ပျက်စီးသွားခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ညနေ (၃း၃၀) မိနစ်ခန့်တွင် ဒူးပလာခရိုင်အတွင်းရှိ လေးကေ့ကော်ဒေသသို့ စစ်ကောင်စီမှ ထပ်မံ၍တိုက်လေယာဉ်များဖြင့် ဗုံး(၂)လုံးကြဲခဲ့ပါသည်။ ထိုကဲ့သို့ လေကြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ကော်နွဲ့ကျေးရွာအတွင်းရှိ ရာနှင့်ချီသောရွာသားများမှာ ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ညနေ(၁း၀၀) ခန့်တွင် ဒူးပလာခရိုင်အတွင်းရှိ လေးကေ့ကော်ဒေသနှင့် ထီးမယ်ဝါးခီးကျေးရွာအတွင်းသို့ စစ်ကောင်စီမှ တိုက်လေယာဉ်နှစ်စီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပြန်သည်။ ထိုနေ့တွင် စစ်ကောင်စီမှ တိုက်လေယာဉ်(၄)စီး မောင်းနှင်ကာ (၂)စီးအား ဗုံးကြဲရန်နှင့် ကျန်(၂)စီးအား နယ်မြေထောက်လှမ်းရေး ပြုလုပ်စေခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ ညနေ(၆း၀၀) ခန့်တွင် ဒူးပလာခရိုင်၊ ကော့ကရိတ်မြို့နယ်အတွင်းရှိ ကရင်အမျိုးသားအစည်းအရုံး(KNU) စိုက်ပျိုးရေးဌာနသို့ စစ်ကောင်စီတိုက်လေယာဉ်(၂)စီးမှ ထပ်မံဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ ထိုနေ့တွင်လည်း စစ်ကောင်စီမှ တိုက်လေယာဉ်(၄)စီးအသုံးပြုကာ (၂)စီးအားဗုံးကြဲရန်နှင့် ကျန်(၂)စီးအား နယ်မြေထောက်လှမ်းစေခဲ့ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုအတွင်း ထိခိုက်ဒဏ်ရာရသေဆုံးမှုနှင့် အိမ်အဆောက်အဦးပျက်စီးဆုံးရှုံးမှု မရှိခဲ့ပါ။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ ဒူးပလာခရိုင်အတွင်းရှိ လေးကေ့ကော်ဒေသနှင့် ထီးမယ်ဝါးခီးသို့ စစ်ကောင်စီမှ တိုက်လေယာဉ်ဖြင့် ဗုံးကြဲခဲ့သည်။ ထို့အပြင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ ညနေ(၁း၀၀)ခန့်တွင် စစ်ကောင်စီ၏

တိုက်လေယာဉ်(၂)စီးမှ ကော်နွဲ့ကျေးရွာအနီး အာရုလမ်းမပေါ်တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ ထိုလေကြောင်းတိုက်ခိုက်မှုအတွင်း ထိခိုက်ဒဏ်ရာရသေဆုံးမှုနှင့် ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးခြင်းမရှိခဲ့ပါ။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ ညနေ(၂း၃၀) ခန့်တွင် စစ်ကောင်စီတပ်သားများမှ ဒူးပလာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ပယ်တရောဒူးကျေးရွာအုပ်စု၊ မယ်ကသုန်ကျေးရွာနှင့် စူကလီးကျေးရွာအုပ်စု၊ ရွာသစ်ရွာတို့တွင် လေကြောင်းတိုက်ခိုက်မှုကိုလည်း ပြုလုပ်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့ ညနေ(၁၂း၂၅) ခန့်တွင် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ဖလူးကျေးရွာအုပ်စု၊ ဖလူးလေးကျေးရွာ (ပိုလ်စလုံးအခြေစိုက်စခန်း)တွင် စစ်ကောင်စီရဟတ်ယာဉ်(၂)စီးမှ ဗုံးကြဲကာလေကြောင်းတိုက် ခိုက်မှု ပြုလုပ်ခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ ညနေ(၃း၂၄) မိနစ်ခန့်တွင် ဒူးပလာယာခရိုင်၊ လေးကော့ကော်ဒေသရှိ မင်းလက်ပန်နှင့် ဖလူးကျေးရွာတို့တွင် စစ်ကောင်စီရဟတ်ယာဉ်(၂)စီးမှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ရာတွင် ဖလူးကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသွားခဲ့ပြီး ထိုင်းနိုင်ငံရှိဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေလျက်ရှိပါသည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုကြောင့် ခရစ်ယာန် ဘုရားရှိခိုးကျောင်းတစ်ကျောင်းနှင့် အခြားသောဒေသခံရွာသားများ၏ အိမ်အဆောက်အဦးများမှာလည်း ပျက်စီးသွားခဲ့ပါသည်။


ဒူးပလာခရိုင်အတွင်းရှိ ကျေးရွာများတွင် နေထိုင်သော ရွာသားများသည် နေရပ်ရွှေ့ပြောင်းနေထိုင်နေရသည်မှာ လနှင့်ချီ ကြာမြင့်နေပြီးဖြစ်ပါသည်။ နေရပ်ရွှေ့ပြောင်းနေထိုင်ကြရသူများထဲတွင် ချစ်ရသောမိသားစုဝင်များဆုံးရှုံးရခြင်း၊ နှစ်ရှည်လများကြာမြင့်စွာ စုဆောင်းဆောက်လုပ်ထားသောအိမ်များ ပျက်စီးသွားရခြင်း၊ အိမ်မွေးတိရိစ္ဆာန်များ ဆုံးရှုံးရခြင်းနှင့် တောင်ယာလယ်ယာများစွန့်ကာ ထွက်ပြေးတိမ်းရှောင်နေရခြင်း စသည်တို့ဖြင့် ကြုံတွေ့ကြရပါသည်။ ထိုကဲ့သို့သော ရင်ဆိုင်ကြုံတွေ့နေရမှုများသည် နေရပ်ရွှေ့ပြောင်းနေထိုင်နေရသည့် ရွာသားများအတွက် ကြီးမားသည့်လူ့အခွင့်အရေးဆုံးရှုံးမှုကို ဖြစ်စေခဲ့သည်။ ထို့အပြင် ၎င်းတို့၏ ရှေ့ဆက်လျှောက်ရမည့် အနာဂတ်မှာလည်း ဤကဲ့သို့သော နိုင်ငံရေးမတည်ငြိမ်မှုကြောင့် မရေရာမသေချာ ဖြစ်နေလျက်ရှိပါသည်။

## မူတြော်ခရိုင်အတွင်းစစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုများ

စစ်တပ်အာဏာသိမ်းသည့် ပထမ(၅)လတာ ကာလတွင် မူတြော်ခရိုင်သည် စစ်ကောင်စီစစ်တပ်၏ ထိုးစစ်ဆင်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများ၏ အဓိကပစ်မှတ်ဖြစ်လာခဲ့ပါသည်။ မူတြော်ခရိုင်အတွင်းရှိ အချို့သောကျေးလက်ဒေသများတွင် ပစ်ခတ်တိုက်ခိုက်မှုများနှင့် ရန်းသမ်းပစ်ခတ်မှုများသည် နေစဉ်ကဲ့သို့ ပုံမှန်ဖြစ်ပွားလျက်ရှိပြီး ရွာသားများအနေဖြင့် နေရပ်ရွှေ့ပြောင်းနေရခြင်းအား ဆက်လက်ကြုံတွေ့နေရသည်။ မူတြော်ခရိုင်တွင် စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်မှုအား ခြောက်လတာကာလအတွင်း ရပ်တန့်ခဲ့ဟန်ရှိသော်လည်း ၂၀၂၂ ခုနှစ် နှစ်၏အစပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုအား စတင်ခဲ့ပြန်ပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့နံနက်(၁း၀၀) ခန့်တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မယ်သူကျေးရွာအုပ်စု၊ လယ်ထူဖိုးကျေးရွာနှင့် မယ်ကော်လိုကျေးရွာသို့ စစ်ကောင်စီမှ တိုက်လေယာဉ်သုံးစင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ ထိုလေကြောင်းတိုက်ခိုက်မှုတွင် လယ်ထူဖိုးသို့ဗုံး(၃)လုံးနှင့် မယ်ကော်လိုသို့ ဗုံး(၄)လုံးကြဲခဲ့သည်။ စစ်ကောင်စီ၏ လယ်ထူဖိုးကျေးရွာ လေကြောင်းတိုက်ခိုက်မှုအတွင်း ပစ်ခတ်လိုက်သော ဗုံး(၃)လုံးသည် ဆေးရုံဝင်းအတွင်း (၁)လုံး ဘောဒါဆောင်ဝင်းအတွင်း(၁)လုံးနှင့် တပ်ရင်းအမှတ်(၁၀၂) တွင် (၁)လုံးကျခဲ့ပြီး ဘော်ဒါဆောင်နှင့် အိမ်နှင့်စပါးကျီအချို့ ပျက်စီးသွားခဲ့ကာ ဆိတ်(၁)ကောင်သေဆုံးသွားပါသည်။ ထိုလေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ရာတွင် ထိခိုက်ဒဏ်ရာရ သေဆုံးမှုမရှိခဲ့ပါ။ ရွာသားများအနေဖြင့် လေကြောင်းတိုက်ခိုက်မှုတွင် ထိခိုက်ဒဏ်ရာရသေဆုံးမှုမရှိသော်လည်း တောထဲသို့ အသက်စွန့်ဖျားထွက်ပြေးသည့်အချိန်တွင် အချို့ရွာသားများသည် ချော်လဲကာ ထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့ပါသည်။ လယ်ထူဖိုးကျေးရွာတွင် နေထိုင်သော အမျိုးသမီးတစ်ဦးမှ စစ်ကောင်စီ၏ နိုင်ထက်စီးနင်းပြုမှုကို မလိုလားတော့သည့် သူမ၏စိတ်ဆန္ဒကို ဖော်ပြခဲ့ပါသည်။ ထို့အပြင်၎င်းမှ စစ်ကောင်စီတပ်သားများ ၎င်းတို့၏နေရာဒေသတွင် အခြေချနေထိုင်ခြင်းသည် စိုးရိမ်ကြောက်ကြမှုကို ဖြစ်စေကြောင်းနှင့် စစ်ကောင်စီတပ်များအား ၎င်းတို့နေရပ်မှ ထွက်ခွာပေးရန်လိုလားကြောင်း ထပ်လောင်းပြောပြခဲ့ပါသည်။ ရွာသားများအနေဖြင့် ဆက်လက်ဖြစ်ပွားလျက်ရှိသော စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုအား ကြောက်ရွံ့သဖြင့် ၎င်းတို့၏ကျေးရွာသို့ ပြန်လည်နေထိုင်ရန် မဝံ့မရဲဖြစ်နေပါသည်။ လယ်ထူဖိုးရွာနှင့် နီးစပ်သည့်ကျေးရွာတွင်နေထိုင်သော ရွာသားများသည်လည်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကို ကြောက်ရွံ့သဖြင့် အခြားသော နေရပ်ဒေသသို့ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ ထိုကဲ့သို့ ထွက်ပြေးတိမ်းရှောင်ရာတွင် ရွာသားများအနေဖြင့် စားဝတ်နေရေးအခက်အခဲနှင့် ကျန်းမာရေးအခက်အခဲ စသည်တို့ဖြင့် ရင်ဆိုင်ကြရပါသည်။









၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်နေ့ နံနက် (၁း၀၀) ခန့်တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မယ်သူကျေးရွာအုပ်စု၊ လယ်ထူဖိုးကျေးရွာနှင့် မယ်ကော်လိုကျေးရွာသို့ စစ်ကောင်စီမှ လေးကြောင်းတိုက်ခိုက်မှုပြုလုပ်သဖြင့် လယ်ထူဖိုးရှိ ဆေးရုံမှာ ပျက်စီးသွားခဲ့ပြီး မယ်ကော်လိုကျေးရွာရှိ ရွာသားများ၏လယ်ကွင်းများပျက်စီးသွားသောပုံဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG)*





၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်နေ့ နံနက်(၁း၀၅) ခန့်တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မယ်သူကျေးရွာအုပ်စု၊ ထွီသီးအူ၊ ဝါခါဒဲနှင့် လယ်ထူဖိုးတို့တွင် စစ်ကောင်စီမှ တိုက်လေယာဉ်နှစ်စင်းဖြင့်လေကြောင်းတိုက်ခိုက်မှုများကို ထပ်မံပြုဆေးခန်း ပျက်စီးသွားသော ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG)*

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ နံနက်(၁း၀၅) ခန့်တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မယ်သူကျေးရွာအုပ်စု၊ ထွီသီးအူ၊ ဝါခါဒဲနှင့် လယ်ထူဖိုးတို့တွင် စစ်ကောင်စီမှ တိုက်လေယာဉ်နှစ်စင်းဖြင့် လေကြောင်းတိုက်ခိုက်မှုများကို ထပ်မံပြုလုပ်ခဲ့ပါသည်။ ထိုသို့ လေကြောင်းဖြင့်တိုက်ခိုက်ရာတွင် လယ်ထူဖိုး၌ ဗုံး(၂)လုံး၊ ထွီသီးအူ၌ဗုံး(၃)လုံး ကြဲချခဲ့ပြီး လယ်ထူဖိုးဆေးခန်းနှင့် ဝါခါဒဲဆေးခန်းတည်ရှိရာနေရာများသို့ပါ ဗုံးကြဲခဲ့သဖြင့် ဆေးခန်းပျက်စီးသွားပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ နံနက်(၁း၀၀)ခန့်တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ဝဲ့မူးကျေးရွာအုပ်စု၊ ခလယ်ဖိုး(ရွှေညောင်ပင်)ကျေးရွာတွင် စစ်ကောင်စီတိုက်လေယာဉ်နှစ်စင်းမှ လေကြောင်းတိုက်ခိုက်မှု ထပ်မံပြုလုပ်ခဲ့သည်။ ထိုလေကြောင်းတိုက်ခိုက်မှုအတွင်း ရွှေညောင်ပင်ကျေးရွာတွင် နေထိုင်သော ရွာသားတစ်ဦးမှာ သေဆုံးသွားခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် အဆောက်အဦးငါးလုံးလည်း ပျက်စီးသွားပါသည်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ နံနက်(၁း၀၀) ခန့်တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ တဒွီးခိုကျေးရွာတွင် စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ရွာသား(၂)ဦး သေဆုံးခဲ့ပြီး ကျန်(၆)ဦးမှာ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ပါသည်။ ထို့အပြင် ရွာသားများ၏နေအိမ် (၅) လုံးပျက်စီးသွားခဲ့ပြီး အိမ်မွေးတိရိစ္ဆာန်များနှင့် အခြားသောအိမ်ပရိဘောဂများမှာလည်း ပျက်စီးသွားခဲ့ပါသည်။





၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ နံနက် (၁း၀၀) ခန့်တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ တဒွီးခိုကျေးရွာတွင် စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ပျက်စီးသွားသောအိမ်နှင့် ရွာသားနှစ်ဦးသေဆုံးသွား သောပုံဖြစ်ပါသည်။
(ဓာတ်ပုံ- KHRG)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့နံနက်(၂း၀၀) ခန့်တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ နာကိုးခီး၊ တဒွီးခိုနှင့် လယ်ဂီထာကျေးရွာတို့တွင် စစ်ကောင်စီမှ တိုက်လေယာဉ်သုံးစင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ စစ်ကောင်စီတိုက်လေယာဉ်နှစ်စင်းမှ နားကိုးခီးကျေးရွာ၊ နားကိုးခီးကျေးရွာအုပ်စုအတွင်း ဗုံးနှစ်လုံး၊ တဒွီးခိုကျေးရွာ၊ မာထောကျေးရွာအုပ်စုအတွင်းသို့ ဗုံးနှစ်လုံးနှင့် လယ်ဂီထာကျေးရွာ၊ မာထောကျေးရွာအုပ်စုအတွင်းသို့ ဗုံးနှစ်လုံးစီကြဲခဲ့ပါသည်။ ထိုကဲ့သို့ ဗုံး(၆)လုံးကြဲချရာတွင် ရွာသားများ၏လယ်ယာမြေများသို့ကျရောက်ပြီး မြေယာပျက်စီးဆုံးရှုံးရမှုရှိသည့်အပြင် ရွာသားနှစ်ဦးမှာ သေဆုံးသွားခဲ့ကြပါသည်။ သို့သော်လည်း စစ်ကောင်စီမှ မူတြော်ခရိုင်အတွင်း လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခြင်းကြောင့် ရွာသားများအပေါ် အခက်အခဲနှင့်စိုးရိမ်ကြောင့်ကြမှုကို အလွန်ဖြစ်စေပါသည်။ လေကြောင်းတိုက်ခိုက်မှုအားကြောက်ရွံ့သဖြင့် မူတြော်ခရိုင်အတွင်းရှိ သောင်းနှင့်ချီသော ရွာသားများသည် မိမိတို့၏ကျေးရွာကိုစွန့်ကာ တောတောင်များတွင် နေရပ်ရွှေ့ပြောင်းနေထိုင်နေကြရပါသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မူတြော်ခရိုင်နှင့် ဒူးပလာခရိုင်အတွင်းရှိ စစ်ကောင်စီ၏လေကြောင်းဖြင့်တိုက်ခိုက်မှုသည် ကြီးမားသည့်ထိခိုက်သေကြေမှုနှင့် ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုရန်အား ကြောက်ရွံ့သော ကျေးလက်နေရွာသားများအနေဖြင့် နှစ်ရှည်လများကြာမြင့်စွာ မိမိတို့၏နေရပ်များကိုစွန့်ခွါကြရကာ တောထဲတွင်စားဝတ်နေရေးအကြပ်အတည်းများစွာဖြင့် နေထိုင်ကြရပါသည်။ စစ်ကောင်စီ၏ နှစ်ရှည်လာများကြာမြင့်စွာ ကျူးလွန်လာခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် ရွာသားများ၏လူ့အခွင့်အရေးဆိုင်ရာ ကြီးမားလှသည့် ဆုံးရှုံးနစ်နာမှုကို ဖြစ်စေသောကြောင့် ၎င်းတို့၏ရှေ့ဆက်အနာဂတ်မှာ သေချာရေရာမှုမရှိပဲဖြစ်နေပါသည်။ သို့ဖြစ်သောကြောင့် လူ့အခွင့်အရေးဆုံးရှုံးခံနေရသော နေရပ်ရွှေ့ပြောင်းနေထိုင်နေရသည့် ကျေးလက်နေရွာသားများအနေဖြင့် နိုင်ငံတကာမှ တာဝန်ရှိသည့်နိုင်ငံရေးအကြီးအကဲများအား ၎င်းတို့၏ရင်ဆိုင်ကြုံတွေ့နေရမှုများကို တာဝန်ယူဖြေရှင်းပေးရန်အတွက် လိုလားကြပါသည်။